ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများထံ အမျိုးသားညီညွတ်ရေးအစိုးရ၏ မေတ္တာရပ်ခံ လျှောက်ထားပန်ကြားလွှာ
၂၀၂၁ ခုနှစ်၊ မေလ (၅) ရက်

ဆက်ကပ်ပါရန်
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

အကြောင်းအရာ ။ ။ (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန် စာမေးပွဲများကျင်းပမည့် ကိစ္စရပ်နှင့် ပတ်သက်၍ လျှောက်ထားခြင်းပါဘုရား။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ အသက်ရှည်၍ ကျန်းမာကြပါစေကြောင်း ဘုရားတပည့်တော် ဦးစွာပဏာမ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

၁။ ၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်၊ ၂၉-၄-၂၀၂၁ ကြာသပတေးနေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန် စာမေးပွဲများ ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီက ထည့်သွင်း ကြေညာထားသည်ကို တွေ့ရှိရ ပါသည်ဘုရား။

၂။ ၁၃၈၂ ခုနှစ် တပေါင်းလဆန်း (၆) ရက်၊ (၁၈.၃.၂၀၂၁) ကြာသပတေးနေ့ နံနက် (၈:၀၀) နာရီ အချိန်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလှိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌမနှင့်သတ္တမ အစည်းအဝေးအနေဖြင့်

(၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန် စာမေးပွဲများ ကျင်းပရေး တင်ပြခြင်းနှင့် စပ်လျဉ်း၍_

(က) လတ်တလောအခြေအနေအရ ယာယီဆိုင်းငံ့ထားရန်

(ခ) သင့်လျော်သောအချိန်၌ ကျင်းပနိုင်ရေးဆောင်ရွက်ရန်

ဟု ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါသည် ဘုရား။

သို့ဖြစ်ရာ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ပါရှိသော (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန်စာမေးပွဲများ ကျင်းပမည်ဟု ကြေညာခြင်းသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရမဟုတ်ဘဲ အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီ၏ သဘောထားသာ ဖြစ်သည်ကို သိရှိရပါသည်ဘုရား။

၃။ နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်သူမြတ်တို့ဘုရား၊ ယခုအခါသည် (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန် စာမေးပွဲများ ကျင်းပရန်အတွက် အချိန်အခါမသင့်သေးဟု တပည့်တော်များ အမျိုးသား ညီညွတ်ရေးအစိုးရက အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထား တင်ပြအပ်ပါသည်ဘုရား_

(က) စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်နေသော လက်ရှိနိုင်ငံရေးအခြေအနေအရ စာဖြေသံဃာများ၏ လုံခြုံရေးအတွက် အာမခံချက်မရှိခြင်း၊ သွားရေး လာရေး ဆက်သွယ်ရေး ခက်ခဲခြင်းနှင့် မတည်ငြိမ်မှုများကြောင့် မိဘ ဆရာသမားတို့က မိမိတို့၏ တပည့်များကို စာမေးပွဲဖြေဆိုရန်အတွက် စိတ်ချလက်ချ စေလွှတ်ပေးရန် ခက်ခဲခြင်း၊

(ခ) လက်ရှိအချိန်တွင် အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူလူထု ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ထားသည့် အစိုးရကို အတင်းအဓမ္မ ဖြုတ်ချအာဏာသိမ်းခြင်းကြောင့် တိုင်းသူပြည်သား ဒါယကာ ဒါယိကာမများတို့သည် မိမိတို့ ဆုံးရှုံးသွားခဲ့ကြသော ဖက်ဒရယ်ဒီမိုကရေစီအခွင့်အရေး၊ လွတ်လပ်ခွင့်များကို မြန်မာနိုင်ငံတဝှမ်း ပြန်လည်တောင်းဆို၊ ဆန္ဒပြ၊ တိုက်ပွဲဝင်နေကြသော အချိန်ဖြစ်ပါသည်။ သာသနာတော်ကို ကြည်ညိုထောက်ပံ့၊ လှူဒါန်းနေကြသော တိုင်းသူပြည်သား ဒါယကာ ဒါယိကာမများနှင့် သားသမီးများတို့၏ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ဝိဇ္ဇာ နှင့် သိပ္ပံ ဘာသာရပ်ဆိုင်ရာ ပညာရေးများ၊ အခြေခံပညာကျောင်းများ အားလုံး CDM ပြုလုပ်၍ ရပ်နားထားကြသည့်အချိန်ဖြစ်ခြင်း၊

(ဂ) ၂၀၂၀ ပညာသင်နှစ်အတွင်း ကိုဗစ်ကပ်ရောဂါပိုး ကူးစက်မှုပြင်းထန်သောကြောင့် စာသင်သားများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်၍ စာသင်တိုက်အများစုသည် စာသင် စာချလုပ်ငန်းများ ရပ်တန့်ထားရခြင်း၊

(ဃ) စစ်အာဏာသိမ်းမှုကြောင့် ကိုဗစ်ကာကွယ်ထိန်းချုပ်ရေးစနစ် ပျက်ယွင်းသွား၍ စာဖြေသံဃာ အရှင်သူမြတ်တို့အား တတိယလှိုင်း ကိုဗစ်ကပ်ရောဂါပိုးကူးစက်နိုင်ချေ မြင့်မားနေခြင်း၊

(င) စစ်အာဏာသိမ်းမှု၏ အကျိုးဆက်အနေအားဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသော အထွေထွေအကျပ်အတည်းကြီးများ ဖြစ်ပေါ်နေခြင်း၊

(စ) စာမေးပွဲကျင်းပမည့်ရက်များကို စီစဉ်ထားသည့်အတိုင်း အစအဆုံး အောင်မြင်စွာ ဖြေဆိုနိုင်ရန် အာမခံချက် မရှိခြင်း၊

(ဆ) အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီအနေဖြင့် သာသနာတော်ကို အမှန်တကယ် ကြည်ညိုစိတ်ဖြင့်မဟုတ်ဘဲ စာမေးပွဲကျင်းပနေသော ပုံရိပ်များကို ဓာတ်ပုံ ဗီဒီယိုမှတ်တမ်း ရိုက်ယူပြီးလျှင် ထိုဓာတ်ပုံ ဗီဒီယိုမှတ်တမ်းများကို အသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းနေပါပြီဟု ပြည်တွင်းပြည်ပအား လိမ်လည်လှည့်ဖျားရန်ကြံစည်နေခြင်း၊
အထက်ဖော်ပြပါ အချက်များအား ရှေ့နောက်ထောက်ဆကြည့်သောအခါ ယခုအခါသည် (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲနှင့် ၂၀၂၁ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပဋ္ဌမပြန် စာမေးပွဲများကျင်းပရန် အချိန်မတန်သေးပါဟု ဘုရားတပည့်တော် ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၄။ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်အရှင်မြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအားလုံး သက်တော်ရာကျော် ရှည်၍ သာသနာ့တာဝန်ကို လွယ်ကူချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေဟု ဘုရားတပည့်တော် ဆုတောင်းမေတ္တာပို့သလိုက်ပါသည် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား။

(ပုံ) လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ